# မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**( ၂၀၁၄ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။ )**
**၁၃၇၆ ခုနှစ်၊  လ  ရက်**
**( ၂၀၁၄ ခုနှစ်၊  လ  ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **"မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ မြေသြဇာဥပဒေတွင်

(က) **"မန်နေဂျာ"** ဆိုသည့် စကားရပ်ကို **"တာဝန်ခံအရာရှိ"** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(ခ) **"စစ်ဆေးရေးမှူး"** ဆိုသည့် စကားရပ်ကို **"စစ်ဆေးရေးအဖွဲ့"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဂ) **"မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း"** ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေး ဦးစီးဌာန"** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ဃ) **"ဦးဆောင်ညွှန်ကြားရေးမှူး"** ဆိုသည့် စကားရပ်ကို **"ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(င) **"ပြည်နယ်၊ တိုင်းမန်နေဂျာ"** ဆိုသည့် စကားရပ်ကို **"တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူး"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည်-

"(င) **စံချိန်စံညွှန်း** ဆိုသည်မှာ သက်ဆိုင်ရာမြေသြဇာတွင် ပါဝင်ရမည့် အပင် အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ မြေသြဇာကော်မတီက သတ်မှတ်သော အနည်းဆုံးပါဝင်ရမည့်အချိုးအစားနှင့် အရည်အသွေးစံသတ်မှတ်ချက်ကို ဆိုသည်။"

၄။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည်-

"(ဈ) **လိုင်စင်** ဆိုသည်မှာ မြေသြဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

၅။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ)၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

"(ဏ)**စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၂ အရ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များကို ဆိုသည်။"

၆။ မြေသြဇာဥပဒေတွင် ပုဒ်မ ၁၃ ၊ ပုဒ်မခွဲ(က)၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည်-

"(က) မြေသြဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၇။ မြေသြဇာဥပဒေတွင် ပုဒ်မ ၁၆ ၌ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

"၁၆။ မြေသြဇာလုပ်ငန်းလုပ်ကိုင်သူသည် မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) တင်သွင်း၊ ထုတ်လုပ် မှတ်ပုံတင်လက်မှတ်အမှတ်၊

(ခ) အမှတ်တံဆိပ်၊

(ဂ) မြေသြဇာ၏ အသားတင်အလေးချိန်၊

(ဃ) မြေသြဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(င) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်၊

(စ) မြန်မာဘာသာဖြင့် ဖော်ပြထားသော သုံးစွဲရန် အညွှန်းစာနှင့် သတိပြုရန် အချက်များ။"

၈။ မြေသြဇာဥပဒေတွင် ပုဒ်မ ၁၇ ၌ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့်အစားထိုးရမည် -

"၁၇။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါအချက်များ ဖော်ပြထားသော မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မြေသြဇာကိုသာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။"

၉။ မြေသြဇာဥပဒေတွင် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၁၀။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၂ ၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

"၂၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒေပါ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင်(၂)ဦးစီ ပါဝင်သော အောက်ပါအဖွဲ့များကို ဖော်ပြပါပုဂ္ဂိုလ်များဖြင့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။"

| စဉ် | တာဝန် | ရာထူး |
|---|---|---|
| ၁။ | **တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်** | |
| | အဖွဲ့ခေါင်းဆောင် | တိုင်းဒေသကြီး၊ ပြည်နယ် မြေအသုံးချရေးတာဝန်ခံ |
| | အဖွဲ့ဝင်များ | တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးက တာဝန်ပေးအပ်သောဝန်ထမ်း(၂)ဦး |
| ၂။ | **ခရိုင်အဆင့်** | |
| | အဖွဲ့ခေါင်းဆောင် | ခရိုင် မြေအသုံးချရေးတာဝန်ခံ |
| | အဖွဲ့ဝင်များ | ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သောဝန်ထမ်း(၂)ဦး |
| ၃။ | **မြို့နယ်အဆင့်** | |
| | အဖွဲ့ခေါင်းဆောင် | မြို့နယ်ဦးစီးမှူး |
| | အဖွဲ့ဝင်များ | မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သောဝန်ထမ်း(၂)ဦး |

၁၁။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)၌ ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည်-

"(ခ) မြေသြဇာကို စံချိန်စံညွှန်းနှင့်ညီ၊ မညီစစ်ဆေးရန် မြေသြဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ညွှန်ကြားရေးမှူး၊ မြေအသုံးချရေးဌာနခွဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေသြဇာကော်မတီသို့ တင်ပြပြီးမြေသြဇာကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။"

၁၂။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဃ) ၌ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

"(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မြေသြဇာကော်မတီသို့ တင်ပြခြင်း။"

၁၃။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၁၄။ မြေသြဇာဥပဒေတွင် ပါရှိသော ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ရမည်။

၁၅။ မြေသြဇာဥပဒေတွင် ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)၌ ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်း လိုင်စင်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့ အယူခံနိုင်သည်။"

၁၆။ မြေသြဇာဥပဒေတွင် ပုဒ်မ ၃၂ ၌ ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည် -

"၃၂။ မည်သူမျှလိုင်စင်မရှိဘဲ မြေသြဇာကိုစီးပွားရေးအလို့ငှာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းမပြုရ။"

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**